# ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

AMATA HOLDING PUBLIC CO., LTD.

အောက်ဖော်ပြပါ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” ) ၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလအတွက် ကုမ္ပဏီ၏ စာရင်းစစ်မှသုံးသပ်ထားသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲဖတ်ရှုသင့်ပါသည်။

ယခုတင်ပြထားသော ဘဏ္ဍာရေးရှင်းတမ်းကာလသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆)လတာ ကာလဖြစ်ပြီး၊ လုပ်ငန်း၏ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းနည်းပါးသော (Low Season) ကာလ ဖြစ်ပါသည်။ ၎င်းအား ယခင်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၂၀၂၂ ခုနှစ် စက်တင်ဘာလ ဘဏ္ဍာရေးနှစ်ဝက်) ကာလကို ဖော်ပြထားသော စာရင်းစစ်မှစစ်ဆေးထားသော နှစ်ဝက် ဘဏ္ဍာရေး အစီရင် ခံစာ နှင့် နှိုင်းယှဉ် သုံးသပ်ထားပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြ ထားခြင်းမရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

## ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးကာလ နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက်ကာလများအတွင်း ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

| (Kyat) | **01-Apr-23 to 30-Sep-23 (6 months)** | **01-Apr-22 to 30-Sep-22 (6 months)** | **% Change** |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 744,101,095 | 803,656,064 | **-7%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 328,315,314 | 338,426,975 | **-3%** |
| Other operating | 64,253,088 | 80,923,972 | **-21%** |
| **Total** | **1,136,669,497** | **1,223,007,011** | **-7%** |
| **Cost of Sales** | | | |
| Room and Balloon | 225,889,957 | 190,670,874 | **18%** |
| Food and Beverage | 262,114,670 | 244,828,788 | **7%** |
| Other operating | 7,954,693 | 11,736,051 | **-32%** |
| **Total** | **495,959,320** | **447,235,713** | **11%** |
| **Gross Profit** | **640,710,177** | **775,771,298** | **-17%** |
| **Other Income** | **2,534,240** | **27,614,054** | **-91%** |
| **Other Expense** | **(904,938,941)** | **(5,260,237,638)** | **-83%** |
| **EBITDA** | **(261,367,723)** | **(4,456,852,286)** | **-94%** |
| **EBIT** | **(987,253,383)** | **(5,389,184,279)** | **-82%** |
| **Interest Expense** | **979,716,628** | **874,903,039** | **12%** |
| **(Loss) / Profit before Tax** | **(1,966,970,011)** | **(6,264,087,318)** | **-69%** |
| **Total Comprehensive Income** | **(1,948,328,811)** | **(6,262,888,288)** | **-69%** |

ကျွန်ုပ်တို့၏ အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခြင်းဖြစ်ပါသည်။ လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းမှာ ခရီးသွားဧည့်သည်ဝင်ရောက်မှု နှုန်းနည်းပါးသော မိုးရာသီကာလများအတွင်း ဝန်ဆောင်မှုပေးအပ်ခြင်းမရှိသည့်အတွက် ကုမ္ပဏီအနေဖြင့် ၎င်းလုပ်ငန်းမှ ဤကာလအတွင်း ဝင်ငွေမရရှိခဲ့ပါ။ ယခုတင်ပြသော (၆)လတာ ဘဏ္ဍာရေး နှစ်ဝက်ကာလအတွင်း ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေသည် ယခင် ဘဏ္ဍာရေးနှစ်ဝက်၏ စုစုပေါင်းဝင်ငွေထက် ၇% လျော့နည်းခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် အပန်းဖြေ ဟိုတယ်များတွင် ဧည့်သည်ဝင်ရောက်မှုများလာစေရန် နှင့် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်စေရန် ကောင်းမွန်သော အစီအမံများ ချမှတ်ထားပြီး လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းအားလည်း ခရီးသွား ဧည့်သည်ဝင်ရောက်မှု များပြားသော အောက်တိုဘာလမှ စ၍ ပြန်လည်ဝန်ဆောင်မှုပေးရန် လိုအပ် သည်များကို ကြိုတင် ပြင်ဆင်ထား ရှိပြီး ဖြစ်ပါသည်။

ကုမ္ပဏီ၏ ဝင်ငွေနည်းပါးသော ယခုတင်ပြသည့် (၆)လတာကာလတွင် မဖြစ်မနေသုံးစွဲရန်လိုအပ်သော လုပ်ငန်းများ၏လည်ပတ်စရိတ်၊ စီမံရေးရာနှင့်အထွေထွေကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေး ဆိုင်ရာကုန်ကျစရိတ်များအား ယခင်နှစ်ထက် ပိုမိုသေချာစွာစီစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ယခုနှစ်ဝက်ကာလတွင် အသားတင်အရှုံး မြန်မာကျပ်ငွေ ၁.၉ ဘီလီယံကျော်ဖြစ်ပေါ်ခဲ့ပါသည်။

## နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စုသည် ဧည့်ဝန်ဆောင်မှုလုပ်ငန်း (Hospitality Industry) ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ပြည်ပခရီးသွားဧည့်သည်များ၊ ပြည်ပခရီးသွားဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အခါ ကြုံတွေ့ရနိုင်သည့် ငွေကြေးလဲလှယ်မှု ဆုံးရှုံးနိုင်ချေများကိုလျော့ချရန်အတွက် မိမိတို့လုပ်ငန်းအုပ်စုအနေဖြင့် ဝန်ဆောင်မှု ဈေးနှုန်းများကို ကျပ်ငွေဖြင့်သတ်မှတ်ခြင်း နှင့် ပေးရန်ရှိများကိုလည်း ကျပ်ငွေဖြင့် ပေးချေနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် လုပ်ငန်းအုပ်စုအနေဖြင့် ယခုဘဏ္ဍာရေးစာရင်းရေးဆွဲဖော်ပြရာတွင် ရှိသည့် နိုင်ငံခြားငွေဖြင့် ဖော်ပြထားသော ရရန်ရှိ၊ ပေးရန်ရှိများအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲဖော်ပြရာတွင် တွက်ချက်ထားသော နိုင်ငံခြားငွေလဲနှုန်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော နှုန်းထားအတိုင်းဖြစ်ပြီး၊ ယခင်နှစ်တွင် တွက်ချက်ထားသည့် နှုန်းထားအတိုင်းဖြစ်၍ လုပ်ငန်းအုပ်စုအနေဖြင့် ယင်းသို့ ငွေကြေးအမျိုးအစား ပြောင်းလဲဖော်ပြရာ၌ ဖြစ်ပေါ်လာနိုင်သော (Transaction Risk) ဆုံးရှုံးနိုင်ချေ သက်ရောက်မှုများစွာ လျော့နည်းခဲ့ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial period ended 30 Sep 2022 | % Change |
|---|---|---|---|
| Ex rate differential - realized | **30,821,764** | **1,769,500** | |
| Ex rate differential - unrealized | **(17,376,296)** | **4,476,826,674** | |
| **Total** | **13,445,468** | **4,478,596,174** | **-99.7%** |

## ၂။ ဘဏ္ဍာရေးအခြေအနေ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ၏အနှစ်ချုပ်ရှင်းတမ်းကို ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ်အခြေအနေနှင့် နှိုင်းယှဉ်၍ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြအပ်ပါသည်။

### လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံ၀န်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါ၀င်ပါသည်။ ပုံသေပိုင်ပစ္စည်းများ ၄.၁ ရာခိုင်နှုန်း ကျဆင်းရခြင်းမှာ မိမိတို့လုပ်ငန်းအုပ်စုပိုင်ဆိုင်သော ဟိုတယ်များထဲမှ “My Hpa-An Residence By Amata” ကိုရောင်းချလိုက်သည့်အတွက် ပုံသေပိုင်ပစ္စည်းအချို့လျော့ကျသွားခြင်း၊ ဟိုတယ်နှင့် လူစီးမီးပုံးပျံ၀န်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial year ended 31 March 2023 | % Change |
|---|---|---|---|
| **Non-current Assets** | **49,839,098,557** | **51,970,291,625** | **-4.1%** |

## လက်ငင်းရပိုင်ခွင့်များ (Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့်ငွေသားကဲ့သို့သောအလားတူများ (cash and cash equivalents) များပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးကာလ ကို ယခင်ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်ပါက ၂၁.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယခုနှစ်တွင် အချို့ဟိုတယ်များကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်အတွက် ကုန်ပစ္စည်းဖိုးနှင့် ဝန်ဆောင်ခများကြိုတင်ပေးချေရသောကြောင့် ကြိုတင်ပေးငွေများ မြင့်တက်ခဲ့သော်လည်း၊ ကုန်လက်ကျန်များကို လျှော့ချ၍သိုလှောင်ခြင်း၊ ရရန်ရှိများ အချိန်မီ ရရှိကောက်ခံခြင်းတို့ကြောင့် လျှော့ကျသွားခြင်းဖြစ်ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial year ended 31 March 2023 | % Change |
|---|---|---|---|
| **Current Assets** | **371,437,059** | **470,624,135** | **-21.1%** |

## လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်းပေးရန်တာဝန်များ၊ ကြိုတင်အသုံးပြုထားသောစရိတ်များ အတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသောစရံငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ နှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့် အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးကာလတွင် လက်ငင်းပေးရန်တာဝန်မှာ ၇.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ ပတ်သက်ဆက်နွယ်သူများ ထံသို့ပေးရန်ရှိအချို့ကို ပေးဆပ်လိုက်သည့်အတွက် ပေးရန်ရှိ တစ်စိတ်တစ်ပိုင်းလျော့ကျခဲ့သော်လည်း၊ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုး မြင့်တက်လာခြင်း နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသောကြောင့် လုပ်ငန်း လည်ပတ်စရိတ် များ မြင့်တက်လာပြီး ပေးရန်ရှိအချို့မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial year ended 31 March 2023 | % Change |
|---|---|---|---|
| **Current Liabilities** | **21,428,458,751** | **19,886,770,571** | **7.8%** |

## လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားကာလရှည်ပေးရန်ရှိတာဝန်များအပြင် ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ယခုဘဏ္ဍာရေးနှစ် နှင့် ယခင်ဘဏ္ဍာရေးကာလ နှိုင်းယှဥ်ပါက ၁၂.၂ ရာခိုင်နှုန်းကျဆင်းခဲ့ရခြင်းမှာ လာမည့်နှစ်တွင်ပေးဆပ်ရမည့် ကြွေးမြီအရစ်အား စာရင်းရေးဆွဲခြင်းစံအရ လက်ငင်း(ကာလတို)ပေးရန်ရှိတာဝန်သို့ ရွှေ့ပြောင်းဖော်ပြခြင်းနှင့် မိမိတို့လုပ်ငန်းအုပ်စုပိုင်ဆိုင်သော ဟိုတယ်များထဲမှ “My Hpa-An Residence By Amata” ကိုရောင်းချလိုက်သည့်အတွက် ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များလျော့ကျသွားခြင်းကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial year ended 31 March 2023 | % Change |
|---|---|---|---|
| **Non-current Liabilities** | **13,161,131,600** | **14,984,753,113** | **-12.2%** |

## ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသောအမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသောအကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဥ်ကြည့်ပါက ယခု ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးကာလတွင် ၁၁.၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခု ဘဏ္ဍာရေးကာလတွင် ဝင်ငွေနည်းပါးခြင်း၊ ဟိုတယ်အချို့ ပြုပြင်ထိန်းသိမ်းစရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်နှင့် တန်ဖိုးလျော့စရိတ်များကြောင့် ဖြစ်ပေါ်ခဲ့သော လုပ်ငန်း၏အသားတင်အရှုံးနှင့် ဆက်စပ်၍ ဖယ်ချန်ထားသောအမြတ် (Retained Earnings) လျော့ကျခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial period ended 30 Sep 2023 | Financial year ended 31 March 2023 | % Change |
|---|---|---|---|
| **Total Equity** | **15,620,945,265** | **17,569,392,076** | **-11.1%** |

## ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးကာလသည် လွန်ခဲ့သော (၃)နှစ်ကျော် ကာလအတွင်း မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော ပြောင်းလဲလာသည့်အခြေအနေများ၊ စီးပွားရေးအနေအထားများနှင့်အညီ မိမိတို့ကုမ္ပဏီအုပ်စုအနေဖြင့် ကောင်းမွန်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ကုမ္ပဏီအုပ်စု၏ ရေရှည်ရပ်တည်နိုင်မှုအား ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ မှစတင်၍ ဧပြီလအထိသည် ခရီးသွားလာမှုများပြားသည့်ကာလ(High Season) ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၏ စီးပွားရေးနှင့် ဈေးကွက် အနေအထားမှာ ပြန်လည်ဖွံ့ဖြိုးလာပြီး အပန်းဖြေဟိုတယ်လုပ်ငန်းများ ပြန်လည်ဦးမော့ လာနိုင်သည့်အပြင်၊ ပြည်ပခရီးသွား ဝင်ရောက်မှုမှာ မြင့်တက်နိုင်သည့်အတွက် လာမည့်ခရီးသွားရာသီတွင် မိမိတို့၏ အပန်းဖြေဟိုတယ်လုပ်ငန်းများ မှဝင်ငွေရရှိမှုမှာ ပိုမိုတိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားပြီး ၊ လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းသည်လည်း ပုဂံဒေသတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ခရီးသွားရာသီအတွက် စတင်ပျံသန်း နေပြီ ဖြစ်ပါသည်။

ပြည်ပခရီးသွားဝင်ရောက်မှု မြင့်တက်လာသည့်အတွက် ပြည်တွင်းခရီးသွားများကို အဓိကဦးတည်သည့် အရောင်းမြင့်တင်ရေးအစီအမံများကိုသာမက၊ ပြည်ပခရီးသွားများကို ဦးတည်သည့် ဈေးကွက်ရှာဖွေရေး ဗျူဟာများ၊ ပြောင်းလဲနေသော စီးပွားရေးအခြေအနေ၊ ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်ခြင်း အစရှိသည့် ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ "My Hpa-An Residence By Amata" ကို တန်ဖိုးငွေကျပ် (၁,၄၀၃)သန်းဖြင့် ရောင်းချခဲ့ပြီး၊ ရရှိသည့်ငွေကို အနာဂတ်စီးပွားရေး အခွင့်အလမ်းသစ်များတွင် အစားထိုးရင်းနှီးမြှုပ်နှံခြင်း၊ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိများကို ပေးဆပ်ခြင်း၊ငပလီနှင့်အင်းလေးဒေသရှိ ဟိုတယ်များ တွင် လိုအပ်သည့်နေရာများ ပြင်ဆင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း၊ လိုအပ်သော လျှပ်စစ်စွမ်းအားကို ဖြည့်တင်းနိုင်ရန်အတွက် Generator များအသစ်ဝယ်ယူခြင်းများတွင် အသုံးပြုခဲ့ပါသည်။

ကုမ္ပဏီအနေဖြင့် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလတွင် ပေါ်ပေါက်ခဲ့သော ပြောင်းလဲမှုများနှင့် လုပ်ငန်းအုပ်စု၏ လစဉ်လိုအပ်သော လျှပ်စစ်စွမ်းအင်ရရှိနိုင်မှု အခက်အခဲများသည် ကုမ္ပဏီပေါ်အကျိုးသက်ရောက် လျှက်ရှိပြီး ဤအခက်အခဲများအပေါ် လုပ်ငန်းစုရေရှည်တည်တံ့ လည်ပတ်နိုင်ရန်အတွက် ကုမ္ပဏီ၏ အရေးပါသည့် အဖွဲ့အစည်း/ပုဂ္ဂိုလ်များဖြစ်သည့် ဘုတ်အဖွဲ့များ၊ ကော်မတီများ နှင့် စီမံခန့်ခွဲမှုအဖွဲ့များမှ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လာမည့်ကာလများတွင် မမျှော်မှန်းနိုင်သော အခြေအနေများ ဖြစ်ပေါ်လာနိုင်သော်လည်း ကုမ္ပဏီအနေဖြင့် မိမိတို့၏လုပ်ငန်းအုပ်စုအား ဤအခက်အခဲများကြားတွင် ရေရှည်တည်တံ့နိုင်ရေးနှင့် ပြောင်းလဲမှုနှင့်အညီ လုပ်ငန်းများအားလည်း အကောင်းမွန်ဆုံး လည်ပတ်နိုင်ရန်အတွက် အစီအမံများ

ချမှတ်ထားပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ

## MANAGEMENT DISCUSSION AND ANALYSIS

*The following Management Discussion and Analysis ("MD&A") is based on Amata Holding Public Company Limited ("Amata") Consolidated Reviewed Financial Statements for the interim financial period ended 30th September 2023 and should be read in conjunction with those financial statements and related notes thereto.*

*The period for the currently presented financial statements is a 6-month financial period from 1st April 2023 to 30th September 2023, which falls into the low season of our business. It is compared with last year's audited financial statements for the interim financial period from 1st April 2022 to 30th September 2022 (HY Sep-2022). All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.*

### 1. Operating Results

The Group's operating performance for the interim financial period ended 30th September 2023 and the interim financial period ended 30th September 2022 are shown below.

| (Kyat) | **01-Apr-23 to 30-Sep-23 (6 months)** | **01-Apr-22 to 30-Sep-22 (6 months)** | **% Change** |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 744,101,095 | 803,656,064 | **-7%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 328,315,314 | 338,426,975 | **-3%** |
| Other operating | 64,253,088 | 80,923,972 | **-21%** |
| **Total** | **1,136,669,497** | **1,223,007,011** | **-7%** |
| **Cost of Sales** | | | |
| Room and Balloon | 225,889,957 | 190,670,874 | **18%** |
| Food and Beverage | 262,114,670 | 244,828,788 | **7%** |
| Other operating | 7,954,693 | 11,736,051 | **-32%** |
| **Total** | **495,959,320** | **447,235,713** | **11%** |
| **Gross Profit** | **640,710,177** | **775,771,298** | **-17%** |
| **Other Income** | **2,534,240** | **27,614,054** | **-91%** |
| **Other Expense** | **(904,938,941)** | **(5,260,237,638)** | **-83%** |
| **EBITDA** | **(261,367,723)** | **(4,456,852,286)** | **-94%** |
| **EBIT** | **(987,253,383)** | **(5,389,184,279)** | **-82%** |
| **Interest Expense** | **979,716,628** | **874,903,039** | **12%** |
| **(Loss) / Profit before Tax** | **(1,966,970,011)** | **(6,264,087,318)** | **-69%** |
| **Total Comprehensive Income** | **(1,948,328,811)** | **(6,262,888,288)** | **-69%** |

The Group's principal revenue comes from resort hotels and hot air balloon service businesses. As the hot air balloon service business does not provide during the monsoon season when the tourist arrival rate is low, the company did not receive any income from this business during the aforementioned period. The company's total operating revenue for the current 6-month interim financial period was 7% less than that of the previous year's interim financial period. The company has not only planned well to increase guest arrivals in hotels and gain more market share but also made necessary preparations to resume hot air balloon service business from October when there is a large influx of tourists.

During the currently presented 6-month financial period in which the company's revenue is low, although the company has controlled operating expenses of its businesses, administrative and general expenses, and sales and marketing expenses more thoroughly than last year and incurred a total comprehensive loss of 1.9 billion Kyats.

**Foreign Currency Exchange Gain/Loss**

Since our Group operates mainly in the hospitality industry, we have managed to set the room rates and pay off the payables in Myanmar Kyats in order to reduce the potential currency exchange losses resulting from dealing with foreign tourists and foreign travel service organizations.

Moreover, in preparing the current financial statements, the Group's calculated foreign exchange rate to convert the receivables and payables expressed in foreign currency into Myanmar Kyats is based on the CBM reference rate and it is the same as last year's calculated rate. By doing so, the Group was able to greatly reduce the transaction risk which could result in the presentation of such currency conversion.

| **(Kyat)** | **Financial period ended 30 Sep 2023** | **Financial period ended 30 Sep 2022** | **% Change** |
|---|---|---|---|
| Ex rate differential - realized | **30,821,764** | **1,769,500** | |
| Ex rate differential - unrealized | **(17,376,296)** | **4,476,826,674** | |
| **Total** | **13,445,468** | **4,478,596,174** | **-99.7%** |

## 2. Financial Condition

The management's review on the summary of Group's financial position as compared to the financial year ended 31st March 2023 is presented below.

***Non-Current Assets***

The Group's non-current assets mainly consist of property, plant and equipment for hotels and hot air balloon service businesses. A 4.1% decrease in non-current assets was attributable to the decrease in some of the non-current assets due to the sale of one of our Group's owned hotels, "My Hpa-An Residence by Amata", and the depreciation and amortization of tangible and intangible assets used in hotels and hot air balloon service businesses.

| (Kyat) | **Financial period ended 30 Sep 2023** | **Financial year ended 31 March 2023** | **% Change** |
|---|---|---|---|
| **Non-current Assets** | **49,839,098,557** | **51,970,291,625** | **-4.1%** |

***Current Assets***

The Group's current assets consist of inventory, account receivables, prepayment and advance, amount due from related parties, and cash and cash equivalents. Current assets were decreased by 21.1% between the interim financial period ended 30th September 2023 and previous financial year. It was due to keeping less inventory and being able to collect the account receivables timely despite the increase of prepayment and advance for the goods and services used in maintenance of some hotels this year.

| (Kyat) | **Financial period ended 30 Sep 2023** | **Financial year ended 31 March 2023** | **% Change** |
|---|---|---|---|
| **Current Assets** | **371,437,059** | **470,624,135** | **-21.1%** |

### *Current Liabilities*

The Group's major current liabilities include accounts payable for current portion of long-term borrowings, accrued expenses, tax payable, provision and deposit, amount due to related parties, and other liabilities, which consist of commission and other miscellaneous. Despite accounts payable were partially reduced by paying off some of the amount due to related parties, a 7.8% increase in current liabilities for current interim financial period as compared to FY 2022-2023 was mainly due to an increase in current portion of principal payment for the foreign currency loan, and an increase in some of the accounts payable resulting from the increased operating expenses due to the recovery of tourism businesses.

| (Kyat) | **Financial period ended 30 Sep 2023** | **Financial year ended 31 March 2023** | **% Change** |
|---|---|---|---|
| **Current Liabilities** | **21,428,458,751** | **19,886,770,571** | **7.8%** |

### *Non-Current Liabilities*

Non-current liabilities comprise of long-term borrowings, other non-current liabilities and finance lease obligation. By comparing the current interim financial period with the previous financial year, there was a 12.2% decrease in non-current liabilities and it was attributable to the reporting of long-term borrowing which will be due next year to current liabilities in accordance with the accounting standards, and the decrease in finance lease obligation due to the sale of one of our Group's owned hotels, "My Hpa-An Residence by Amata".

| (Kyat) | **Financial period ended 30 Sep 2023** | **Financial year ended 31 March 2023** | **% Change** |
|---|---|---|---|
| **Non-current Liabilities** | **13,161,131,600** | **14,984,753,113** | **-12.2%** |

### *Total Equity*

The total equity consists of share capital, retained earnings and non-controlling interest (NCI). For the current interim financial period ended 30th September 2023, the total equity was decreased by 11.1% as compared to the previous financial year. The main reasons for that were the low operating revenue due to the current financial period being the low season, the net loss incurred by depreciation and amortization, operating expense and maintenance fees of some hotels, and the decrease in retained earnings.

| (Kyat) | **Financial period ended 30 Sep 2023** | **Financial year ended 31 March 2023** | **% Change** |
|---|---|---|---|
| **Total Equity** | **15,620,945,265** | **17,569,392,076** | **-11.1%** |

AMATA
HOLDING
PUBLIC CO., LTD.

**Review and Business Outlook**

The financial period ended 30th September 2023 has marked that Amata Group has successfully overcome the changing conditions and economic situations occurred in Myanmar over the past 3 years and we have been able to maintain the long-term sustainability of our Group.

The high season period falls from October 2023 to April 2024. We are expecting to achieve increased revenue from our hotel businesses in the upcoming tourist season since the economic and market situation of the tourism industry could be redeveloped and the resort hotel businesses could be recovered as well as the inbound tourism could become high. Also, our hot air balloon service business has resumed for the upcoming tourist season starting from 10th October 2023 in the Bagan region.

Due to the increase in inbound tourism, we have not only done sales promotion programs mainly targeting domestic travellers, but also set marketing strategies targeting international tourists. Also, we have made preparations such as setting strategies to match the changing economic situation and market requirements.

As per the resolution of the board of directors meeting held on 3rd April 2023, "My Hpa-An Residence by Amata" was sold for 1,403 million Myanmar Kyats. The proceeds was used to make alternative investment in future business opportunities, pay off the payables of related parties, renovate and expand the necessary areas of hotels in Ngapali and Inle regions, and buy new generators to supply the required electricity.

The changes occurred in December 2023 and the difficulties to obtaining the Group's monthly electricity requirement are affecting the company. In order for the Group to operate sustainably against these difficulties, the company's important organization/persons such as boards, committees, and management teams will continue to strive.

Although unexpected circumstances could occur in the coming days, the company has put measures in place to operate the businesses optimally in accordance with the changes and to ensure that the Group can be sustainable amidst these difficulties. All in all, we will continue to do our best for the prospects of our shareholders.

On Behalf of the Board of Directors,

U Win Aung

Chairman